AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

# ဩစတြေးလျားနိုင်ငံတော် ဥပဒေ

ဩစတြေးလျားသည် ယဉ်ကျေးမှု နှင့် ဘာသာရေးနောက်ခံမျိုးစုံရှိကြသော ပြောင်းရွှေ့အခြေချကြသူများရှိရာ ယဉ်ကျေးမှုပေါင်းစုံ လူ့ဘောင်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဩစတြေးလျားလူမျိုးများ၌ လူအားလုံးကို စည်းလုံးညီညွတ်စေသော အများဆိုင် စံတန်ဖိုးများ နှင့် သဘောတရားများ အမြောက်အမြားရှိပါသည်။ **လူများအားလုံး ဥပဒေဘောင် တစ်ခုတည်းအတွင်း နေထိုင်ကြပါသည်။** ကွဲပြားခြားနားသော ဘာသာတရားများ နှင့် ယဉ်ကျေးမှုများဆိုင်ရာ ကျင့်သုံးမှုများသည် ဩစတြေးလျား၏ လောကုတ္တရာအခြေပြု ဥပဒေစနစ်နှင့် အတူယှဉ်တွဲလျက် တည်ရှိနေပါသည်။ ဩစတြေးလျားလူမျိုးများ အားလုံး၌ မိမိတို့၏ ယဉ်ကျေးမှု နှင့် သက်ဝင်ယုံကြည်မှုများကို ဖော်ကြူးပိုင်ခွင့်ရှိကြပါသည်။ တစ်ချိန်တည်းတွင်လည်း ဩစတြေးလျား၏ လူမှုဘဝနေထိုင်နေပုံကို အထောက်အပံ့ပြုရာ သဘောတရားများ၊ ရည်မှန်းချက်တူ စံတန်ဖိုးများ နှင့် လွတ်လပ်မှုများအား ထိန်းသိမ်းပေးကြရန် လူတိုင်းအပေါ် မျှော်မှန်းထားပါသည်။

ရည်မှန်းချက်တူ စံတန်ဖိုးများတွင် အောက်ပါတို့ ပါဝင်ကြပါသည်။

- ပြောဆိုရေးဆိုင်ရာ လွတ်လပ်မှုရှိခြင်း
- သင်းဖွဲ့ရေးဆိုင်ရာ လွတ်လပ်မှုရှိခြင်း
- စုရုံးရေးဆိုင်ရာ လွတ်လပ်မှုရှိခြင်း
- ဘာသာရေးဆိုင်ရာ လွတ်လပ်မှုရှိခြင်း
- သွားလာလှုပ်ရှားရေးဆိုင်ရာ လွတ်လပ်မှုရှိခြင်း
- လူတစ်ဦးချင်း၏ လွတ်လပ်မှု နှင့် ဂုဏ်သိက္ခာကို လေးစားမှုရှိခြင်း
- တရားဥပဒေစိုးမိုးရေးအတွက် ကတိကဝတ်ပြုခြင်း
- ပါလီမန်နှင့်ဆိုင်ရာ ဒီမိုကရေစီ
- လိင်မရွေး၊ ဇာတိနိုင်ငံမရွေး၊ ဘာသာရေးနောက်ခံမရွေး၊ တိုင်းရင်းလူမျိုးနောက်ခံမရွေး၊ လူတစ်ဦးချင်းအတွက် ညီတူမျှတူ အခွင့်အရေးရှိခြင်း၊
- ယဉ်ကျေးမှုများ ကွဲပြားခြားနားချက်ကို လက်ခံမှုရှိခြင်း၊
- အပြန်အလှန်လေးစားမှု၊ တရားမျှတစွာ သဘောထားဆက်ဆံလုပ်ကိုင်မှု၊ ချို့ငဲ့နေကြသူများအပေါ် စာနာထောက်ထားမှုတို့ကို သိုင်းချုံသည့် တန်းတူညီမျှ စိတ်ဓာတ်မွေးမြူထားရှိခြင်း တို့ဖြစ်ပါသည်။

## အစိုးရ အရာရှိများနှင့် ဆက်ဆံလုပ်ကိုင်ခြင်း

သင် ဩစတြေးလျားတွင် ရောက်လာပြီးနောက်၊ သင်သည် အစိုးရအဖွဲ့အစည်းပေါင်းများစွာမှ အရာရှိများနှင့် ဆက်ဆံလုပ်ကိုင်ရပါလိမ့်မည်။ ဝန်ဆောင်မှုများကို ကျွမ်းကျင်ပညာရှင်ပီပီ နှင့် တရားမျှတစွာ လုပ်ကိုင်ဆောင်ရွက်ပေးရန် အရာရှိများအား တင်းကြပ်သော ဥပဒေများနှင့် ဘောင်ခတ်ထားပါသည်။ ပိုပြီးကောင်းသော ဝန်ဆောင်မှုကို ရရှိလိမ့်မည်ဟု ထင်မြင်ပြီး၊ အရာရှိများအား ငွေမပေးကမ်းပါနှင့်။ ၎င်းမှာ တရားဥပဒေနှင့် ဆန့်ကျင်ပါသည်။ ငွေပေးခြင်း သို့မဟုတ် မည်သည့် လာဘ်လာဘမျိုးကိုမဆို ပေးကမ်းခြင်းကြောင့်၊ ၎င်း၏ အကျိုးဆက်အဖြစ် သင့်အား ရာဇဝတ်ကြောင်းအရ အရေးယူနိုင်ဖွယ်ရှိပါသည်။

## ဩစတြေးလျား ရဲအဖွဲ့

ဩစတြေးလျား ရဲများသည် အစိုးရ၏ အမှုထမ်းများဖြစ်ကြပြီး၊ လူမှုအသိုင်းအဝိုင်းအတွင်း၌ အေးချမ်းငြိမ်သက်မှုကို ထိန်းသိမ်းပေးရန် နှင့် ဘေးကင်းလုံခြုံမှုကို အားပေးတိုးမြှင့်ပေးရန် ကူညီကြပါသည်။ ပြည်နယ် နှင့် ဒေသတစ်ခုစီ၌ ကိုယ်စီကိုယ်င ရဲတပ်ဖွဲ့များရှိကြပြီး၊ "ဩစတြေးလျား ဖယ်ဒရယ်(ပြည်ထောင်စု) ရဲတပ်ဖွဲ့" (Australian Federal Police)သည် တစ်ပြည်လုံးဆိုင်ရာ ရဲတပ်ဖွဲ့ဖြစ်ပါသည်။ ပြည်နယ် နှင့် ဒေသတစ်ခုစီအကြား ဥပဒေများမှာ ကွာခြားကြပါသည်။ ရဲသည် ပြစ်မှုကို တားဆီး၍ ရှာဖွေဖော်ထုတ်ပါသည်၊ အသက် နှင့် ဥစ္စာပစ္စည်းကို ကာကွယ်ပေးပါသည်၊ ပြစ်မှုဥပဒေကို အာဏာတည်စေပါသည်။ ဩစတြေးလျား ရဲတပ်ဖွဲ့သည် စစ်တပ်၏ အစိတ်အပိုင်းတစ်ခုမဟုတ်ပါ။ သင်သည် ရဲကို မကြောက်ရွံ့သင့်ပါ၊ သို့သော် သူတို့အား လေးစားရန်၊ သူတို့၏ ညွှန်ကြားချက်များကို အချိန်တိုင်း၌ နားထောင်ပြီး လိုက်နာရန် မမေ့ပါနှင့်။

## ဩစတြေးလျားနိုင်ငံ ဥပဒေများ

ဩစတြေးလျားနိုင်ငံဥပဒေများသည် ဩစတြေးလျားနိုင်ငံသူ/သားများအားလုံး၊ နိုင်ငံတွင် နေထိုင်နေကြသူများအားလုံးနှင့် သက်ဆိုင်မှုရှိပါသည်။ ဩစတြေးလျား တရားဥပဒေစနစ်သည် အစိုးရထံမှ သီးခြားလွတ်လပ်မှုရှိပါသည်။ အကယ်၍ သင့်ထံ၌ ဩစတြေးလျားနိုင်ငံဥပဒေနှင့်ပတ်သက်ပြီး မေးခွန်းများတစ်စုံတစ်ရာရှိပါက၊ သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူကို မေးရန် သေချာပါစေ၊ သို့မှသာ ဥပဒေများသည် သင် နှင့် သင့်မိသားစုတို့အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိခြင်းကို သင့်အနေနှင့် မှန်မှန်ကန်ကန် နားလည်သဘောပေါက်ရန် သင့်အား အထောက်အကူပြုပါလိမ့်မည်။ ဥပဒေများ တည်ရှိနေခြင်း၏ အကြောင်းရင်းတစ်ခုမှာ သင် နှင့် သင့်မိသားစုအား ဘေးကင်းလုံခြုံစွာထားနိုင်ရေးအတွက်ဖြစ်ပါသည်။ အခြေခံဥပဒေအချို့အား သိလျှင်၊ ၎င်းသည် ဩစတြေးလျား၌ သင့်လူနေမှုဘဝအသစ်၌ လိုက်လျောညီထွေရှိစွာ နေထိုင်နိုင်ရေးတွင် သင့်အား အထောက်အကူပြုပါလိမ့်မည်။

## တန်းတူညီမျှရှိခြင်း နှင့် ဥပဒေ

ဩစတြေးလျားတွင် ဥပဒေအရ လူများအားလုံး တန်းတူညီမျှဖြစ်ကြပါသည်။ ဩစတြေးလျားလူမျိုးများအားလုံး၌ လေးစားမှု ခံပိုင်ခွင့်၊ တရားမျှတစွာ နှင့် တန်းတူညီမျှရှိရှိ ဆက်ဆံခံပိုင်ခွင့်များ ရှိကြပါသည်။ ၎င်းသည် အလုပ်အကိုင်၊ ပညာရေး၊ နေရာထိုင်ခင်း၊ (ဩစတြေးလျား ဥပဒေအတွင်း) ဘာသာရေး လွတ်လပ်မှု၊ ပစ္စည်းများဝယ်ခြင်း၊ ဆရာဝန်များ၊ ဘဏ်များ၊ ဟိုတယ်များကဲ့သို့သော ဝန်ဆောင်မှုများ ရယူခြင်း၊ အာဏာပိုင်များ၏ ထိန်းသိမ်းခံရမှု သို့မဟုတ် ဖမ်းဆီးခံရမှု ကဏ္ဍများ - ယင်းတို့နှင့် သက်ဆိုင်မှုရှိပါသည်။ မည်သူကိုမျှ အောက်ပါအကြောင်းများကြောင့် ခွဲခြား၍ မဆက်ဆံနိုင်ပါ။

- လိင်
- လူမျိုး / လူမျိုးစု
- ဇာတိနိုင်ငံ
- အသက်အရွယ်
- အိမ်ထောင်ရေး အခြေအနေ
- ကိုယ်ဝန်ဆောင်နေခြင်း
- နိုင်ငံရေး သို့မဟုတ် ဘာသာရေး ခံယူချက်
- မသန်စွမ်းမှု
- လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှု တို့ဖြစ်ပါသည်။

## ဘာသာရေး နှင့် တရားဥပဒေ

ဩစတြေးလျားတွင် တရားဝင် သို့မဟုတ် နိုင်ငံတော် ကိုးကွယ်ရာဘာသာဟူ၍ မရှိဘဲ၊ ဩစတြေးလျားလူမျိုးများအနေနှင့် မိမိတို့ ကြိုက်နှစ်သက်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပါသည်။ ဩစတြေးလျားတွင် ကျင့်ကြံကိုးကွယ်သည့် သာသနာများမှာ ခရစ်ယာန်၊ ဗုဒ္ဓ၊ အစ္စလာမ်၊ ဂျူး၊ ဟိန္ဒူ အပါအဝင် အခြားသာသနာများ အမြောက်အမြားရှိပါသည်။ ဩစတြေးလျား ဥပဒေများနှင့် ကွဲလွဲဆန့်ကျင်မှု မရှိသမျှ ကာလပတ်လုံး၊ လူများအနေနှင့် ကြိုက်နှစ်သက်ရာ ဘာသာရေးဆိုင်ရာ ထုံးစံများ နှင့် ဓလေ့များအား ကျင့်ကြံနိုင်ကြပါသည်။ ဘာသာရေးဥပဒေများကို ဩစတြေးလျားနိုင်ငံဥပဒေများအရ အသိအမှတ်မပြုဘဲ၊ ဩစတြေးလျား ဥပဒေကြောင်း အဆင့်သတ်မှတ်ချက်၌ လုံးဝမသွင်းထားပါ။

## အကြမ်းဖက်ခြင်း နှင့် ဥပဒေ

အခြားလူတစ်ဦးအပေါ် အကြမ်းဖက်ကျူးလွန်သည့် လုပ်ရပ်သည် ဩစတြေးလျားဥပဒေနှင့် ငြိစွန်းမှုရှိပါသည်။ ကိုယ်ထိလက်ရောက်ကျူးလွန်မှုသည် ရာဇဝတ်ပြစ်မှုတစ်ခုဖြစ်ပြီး ပြစ်ဒဏ်များမှာ ကြီးလေးပြင်းထန်ပါသည်။ မည်သည့်ပုဂ္ဂိုလ် - အမျိုးသား၊ အမျိုးသမီး၊ ကလေး သို့မဟုတ် မိသားစုဝင် - အပေါ်မဆို အကြမ်းဖက်ခြင်းသည် တရားဥပဒေနှင့် ဆန့်ကျင်ပါသည်။

## အိမ်တွင်း၌ နှင့် မိသားစုအပေါ်အကြမ်းဖက်မှု

ဩစတြေးလျားအစိုးရသည် အိမ်တွင်း၌ နှင့် မိသားစုအပေါ်အကြမ်းဖက်မှုကို မည်သည့်အခြေအနေတွင်မျှမဆို သည်းမခံပါ။ အိမ်တွင်း နှင့် မိသားစုအပေါ်အကြမ်းဖက်မှုသည် တရားဥပဒေနှင့် ဆန့်ကျင်သော ပြစ်မှုများဖြစ်ပါသည်။ ဤပြစ်မှုများအား ကျူးလွန်သူ၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ ထောင်ကျနိုင်ပါသည်။ အိမ်တွင်း၌အကြမ်းဖက်မှု နှင့် မိသားစုအပေါ်အကြမ်းဖက်မှုတွင် ပါဝင်သည်မှာ ကြင်ဖော် (အမျိုးသား သို့မဟုတ် အမျိုးသမီး) သို့မဟုတ် ကလေးအား ၎င်းတို့၏ လုံခြုံရေး နှင့် ကောင်းကျိုးသုခအပေါ် စိုးရိမ်ကြောက်ရွံ့စေကာ သို့မဟုတ် ခြိမ်းခြောက်ကာ ထိန်းချုပ်စိုးမိုးရန် ရည်ရွယ်၍လုပ်သော ပြုမူလုပ်ဆောင်မှု သို့မဟုတ် ခြိမ်းခြောက်မှုများဖြစ်ပါသည်။ ယင်းပြုမူလုပ်ဆောင်မှု သို့မဟုတ် ခြိမ်းခြောက်မှုများသည် လူကြီးတစ်ဦး၊ ကလေး သို့မဟုတ် ဥစ္စာပစ္စည်းအား ရည်ရွယ်ဦးတည်၍လုပ်ခြင်းဖြစ်နိုင်ပြီး၊ ၎င်းတွင် ရိုက်ပုတ်ခြင်း၊ ထိုးနှက်ခြင်း၊ မွန်းကြပ်စေခြင်း၊ ကြင်ဖော်ကြင်ဖက် သို့မဟုတ် မိသားစုဝင်အား မရှိမဖြစ် သုံးစွဲရမည့်ငွေကို ပေးရန်ငြင်းဆိုခြင်း၊ ကြင်ဖော်ကြင်ဖက်အား မိတ်ဆွေများ သို့မဟုတ် မိသားစုနှင့် အဆက်အသွယ်ဖြတ် သီးခြားထားခြင်း၊ စော်ကားခြင်း၊ ကလေးများအား ထပ်ကာထပ်ကာ ဝေဖန်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း တို့ပါဝင်ကြပါသည်။ ဩစတြေးလျား၌ ဤကိစ္စများအား ကူညီပေးနိုင်သော စာနာသိတတ်မှုရှိသည့် အဖွဲ့အစည်းများရှိပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.1800RESPECT.org.au ၌ ကြည့်ပါ။

## ဗလက္ကာရပြုခြင်း

ဩစတြေးလျားတွင် မည်သူကိုမဆို ဗလက္ကာရပြုခြင်းသည် တရားဥပဒေမဲ့ပါသည်။ ဗလက္ကာရပြုသူ၊ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ ထောင်ကျနိုင်ပါသည်။ ဗလက္ကာရပြုခြင်းသည် ကာမပိုင်း သဘောဆောင်သော ကာယပိုင်းဆိုင်ရာ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပါသည်။ ၎င်းမှာ ကြင်ဖော်ကြင်ဖက် သို့မဟုတ် ဇနီး/ခင်ပွန်းအပါအဝင် အခြားသူတစ်ဦးအား သူတို့၏ သဘောတူညီချက်မရှိဘဲ ရည်ရွယ်ဦးတည်လုပ်ခြင်းဖြစ်ပါသည်။ ဗလက္ကာရပြုခြင်းတွင် မုဒိမ်းကျင့်ခြင်း၊ မည်သူနှင့်မဆို ကာမဆက်ဆံမှု သို့မဟုတ် ကာမဆက်ဆံမှုဆိုင်ရာ အလုပ်များကို အတင်းအဓမ္မလုပ်ခြင်း၊ သူတစ်ဦးဦးအား ညစ်ညမ်းစာပေ၊ရုပ်ရှင် ကြည့်ရန်၊ ၎င်းတွင်ပါဝင်ရန်၊ လိင် စပ်ယှက်နေသည်ကို ကြည့်ရှုရန်၊ အတင်းအဓမ္မလုပ်ခိုင်းခြင်း၊ သို့မဟုတ် ကလေးတစ်ဦးနှင့် လိင်စပ်ယှက်မှုဆိုင်ရာ အလုပ်များကိုလုပ်ခြင်း - တို့ပါဝင်ပါသည်။ ဩစတြေးလျား၌ ဤကိစ္စများအား ကူညီပေးနိုင်သော စာနာသိတတ်မှုရှိသည့် အဖွဲ့အစည်းများရှိပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.1800RESPECT.org.au ၌ ကြည့်ပါ။








## ကလေးအပေါ် မတော်မတရားပြုခြင်း နှင့် ဥပဒေ

ဩစတြေးလျားဥပဒေအရ ကလေးများအား မတော်မတရားပြုခံရခြင်း နှင့် အကြမ်းဖက်ခံရခြင်းတို့မှ ကာကွယ်ပေးထားပါသည်။ မတော်မတရားပြုခြင်းတွင် ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် ကာမပိုင်းဆိုင်ရာ မတော်မတရားပြုခြင်းများပါဝင်ပါသည်။ ကလေးအပေါ် မတော်မတရားပြုခြင်း ပုံစံအမျိုးအစား အားလုံးသည် ဩစတြေးလျား၌ လေးနက်ပြင်းထန်သော ပြစ်မှုများဖြစ်ပါသည်။ အချို့သောအမှုကိစ္စများ၌ မတော်မတရားပြုခံနေရသောကလေးအား ကာကွယ်ပေးရန်အတွက် အစိုးရက ကလေးအား သူ့မိသားစုထံမှ ခွဲထုတ်သွားနိုင်ပါသည်။ အကယ်၍ သင်သည် ကလေးတစ်ဦး မတော်မတရားပြုခံနေရသည်ကို သိမြင်လျှင်၊ သို့မဟုတ် ထိုသို့ဖြစ်နေသည်ဟု သံသယရှိလျှင်၊ သင်သည် ဥပဒေအရ ဤကိစ္စကို ရဲအား မလုပ်မနေ တိုင်တန်းရပါမည်။

ဩစတြေးလျားတွင် ကလေးများအားရိုက်နှက်ခြင်း သို့မဟုတ် ကြမ်းကြမ်းတမ်းတမ်း ထိုးနှက်ခြင်းများအားဖြင့် စည်းကမ်းပေးခြင်းကို လက်မခံပါ။ မိဘများအနေနှင့် ကြမ်းတမ်းစွာ မဆက်ဆံဘဲ ကလေးများအား စည်းကမ်းပေးနည်းများကို လေ့လာသင်ကြားရန် အလွန်အရေးကြီးပါသည်။ မိဘများသည် မိမိတို့၏ ကလေးများအား ကြည့်ရှုစောင့်ရှောက်ရန် မိတ်ဆွေများ၊ အခြားသော မိသားစုဝင်များ၊ လူမှုအဖွဲ့အစည်းဌာနများ နှင့် ကလေးထိန်းဌာနများထံမှ အပိုဆောင်း အထောက်အပံ့ကို ရရှိနိုင်ကြပါသည်။ မိဘအုပ်ထိန်းခြင်းပညာနှင့် စပ်ဆိုင်ရာ သိကောင်းစရာအချက်အလက်များ နှင့် အကြံဉာဏ်များကို ရုပ်ကွက်ကောင်စီများ၊ လူမှုရေးဆိုင်ရာ အလုပ်သမားများ၊ ဆွေးနွေးတိုင်ပင်နိုင်သည့် အတတ်ပညာရှင်များ၊ မူကြိုကျောင်းများ၊ ကျောင်းများ၊ "ဩစတြေးလျားနိုင်ငံ မိသားစုများအား လေ့လာရေး အဖွဲ့အစည်း" (Australian Institute of Family Studies) ၏ ဝက်ဘ်ဆိုက် ကဲ့သို့သော နေရာများမှ ရရှိနိုင်ပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.aifs.gov.au ၌ ကြည့်ပါ။

အိမ်၌ မိမိတို့ ကလေးများ၏ ကောင်းကျိုးသုခအတွက် မိဘများ၌ တာဝန်ရှိကြပါသည်။ ကလေးတစ်ဦးအား အိမ်တွင် တစ်ယောက်တည်းထားခဲ့နိုင်ရန်အတွက် ကလေး၏ အသက်အရွယ်မှာ အနည်းဆုံးမည်မျှရှိရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည့်ဥပဒေများ မရှိသော်လည်း မိဘများအနေနှင့် မိမိတို့၏ ကလေးများ ဘေးကင်းလုံခြုံပြီး ကောင်းကျိုးသုခရှိရေးကို သေချာအောင်လုပ်ရပါမည်။

## ဓားများ၊ လက်နက်များ နှင့် ဥပဒေ

ဩစတြေးလျားတွင် သေနတ်များ နှင့် အခြားသောလက်နက်များ ပိုင်ဆိုင်ခြင်းနှင့် ပတ်သက်ပြီး အလွန်တင်းကြပ်သော စည်းကမ်းဥပဒေများရှိပါသည်။ သေနတ်ထားရှိလိုကြသူများ လိုင်စင်ယူရန်မှာ မယူမနေ ဖြစ်ပါသည်။ ဓားများကို ယေဘုယျအားဖြင့် အန္တရာယ်ရှိသော လက်နက်များအဖြစ် ယူဆသတ်မှတ်ပြီး လူအများရှိရာ နေရာများတွင် ဆောင်ထားလျှင် တရားဥပဒေနှင့် ဆန့်ကျင်ပါသည်။ ဥပဒေများ နှင့် ပြစ်ဒဏ်များသည် ပြည်နယ် နှင့် ဒေသတစ်ခုချင်းအကြား ကွာခြားမှုများရှိပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.ag.gov.au ၌ ကြည့်ပြီး "ပြစ်မှု နှင့် အကျင့်ပျက်ခြစားမှု" ကို ရှာပါ။

## အိမ်ထောင်ပြုခြင်း နှင့် ဥပဒေ

ဩစတြေးလျားတွင် လူများအနေနှင့် အိမ်ထောင်ပြုရန်၊ မပြုရန်မှာ မိမိတို့ဆန္ဒသဘောအလျောက်သာဖြစ်ပါသည်။ အများအားဖြင့်၊ လူတစ်ဦးသည် တရားဝင် လက်ထပ်နိုင်ရန် အသက် 18 နှစ်ကျော်ရပါသည်။ အချို့သောအခြေအနေများတွင် အသက် 16 နှစ် ရှိသူတစ်ဦးသည် လက်ထပ်နိုင်သော်လည်း ၎င်းအတွက် တရားရုံးအမိန့်စာ လိုအပ်ပါသည်။ လက်ထပ်ထားပြီးသူတစ်ဦးသည် မုဆိုးဖို/မ သို့မဟုတ် တရားဝင် ကွာရှင်းပြတ်စဲပြီးသား မဖြစ်မချင်း အခြားသူတစ်ဦးနှင့် နောက်ထပ်အိမ်ထောင်မပြုရပါ။ တစ်ချိန်တည်းနှင့်တစ်ခါတည်းတွင် လူတစ်ဦးထက်ပိုပြီး လက်ထပ်ထားခြင်းကို "တရားဝင်အိမ်ထောင်ဖက်ရှိလျက် နောက်ထပ်တစ်ဦးနှင့် လက်ထပ်ခြင်း ပြစ်မှု" သို့မဟုတ် "ဇနီး သို့မဟုတ် ခင်ပွန်း အပြိုင် လက်ထပ်ခြင်း" ဟုခေါ်ပြီး ၎င်းအတွက်ကြောင့် ထောင်ကျနိုင်ပါသည်။

သူတစ်ဦးတစ်ယောက်အား အတင်းအဓမ္မ အိမ်ထောင်ပြုခိုင်းခြင်းသည် ဩစတြေးလျား၌ လေးနက်ပြင်းထန်သော ပြစ်မှုတစ်ခုဖြစ်ပါသည်။ သူတစ်ဦးသည် အတင်းအကြပ် မလုပ်ခံရဘဲ သို့မဟုတ် လိမ်လည်မခံရဘဲ အိမ်ထောင်ပြုရန် သဘောတူရပါမည်။ ကြားလူ၏ စီစဉ်ပေးမှုအရ နှစ်ဦးနှစ်ဖက်စလုံး တစ်ဦးနှင့်တစ်ဦး လက်ထပ်ကြရန် လွတ်လပ်စွာ သဘောတူသည့် အိမ်ထောင်ပြုခြင်းမျိုးသည် အတင်းအဓမ္မ အိမ်ထောင်ပြုရခြင်းနှင့် ကွာခြားပါသည်။ ကြားလူ၏ စီစဉ်ပေးမှုအရ အိမ်ထောင်ပြုခြင်းသည် ဩစတြေးလျား၌ တရားဝင်ပါသည်။ သူတစ်ဦးအား အတင်းအဓမ္မ အိမ်ထောင်ပြုပေးရန် အခြားနိုင်ငံတစ်ပါးသို့ ခေါ်ဆောင်သွားခြင်း သို့မဟုတ် ပို့ဆောင်ခြင်း၊ သို့တည်းမဟုတ် ဤကိစ္စကို စီစဉ်ရန် အခြားသူတစ်ဦးအား ခိုင်းစေခြင်းသည် တရားမဝင်ပါ။ ဩစတြေးလျား၌ ခင်ပွန်းက ဇနီးအား သို့မဟုတ် ဇနီးက ခင်ပွန်းအား လက်ထပ်စဉ် တင်တောင်းသော ဥစ္စာပစ္စည်း ပေးရသောထုံးစံမရှိခြင်းကို သတိချပ်သင့်ပါသည်။ ဩစတြေးလျား၌ ဤကိစ္စများအား ကူညီပေးနိုင်သော စာနာသိတတ်မှုရှိသည့် အဖွဲ့အစည်းများရှိပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.1800RESPECT.org.au ၌ ကြည့်ပါ။

## လိင်ပိုင်းဆိုင်ရာ လက္ခဏာ

သဘောတူညီမှု ပေးနိုင်ခွင့်ရှိသော တရားဝင် အသက်အရွယ် (တရားဥပဒေအရ တရားဝင်အသိအမှတ်ပြုထားသည့် ပုဂ္ဂိုလ်တစ်ဦးက အခြားသူတစ်ဦးနှင့် ကာမဆက်ဆံရန် သဘောတူညီမှု ပေးခွင့်ရှိသော အသက်အရွယ်) သည် ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား ကွာခြားပါသည်။ ၎င်းမှာ တောင်ဩစတြေးလျားပြည်နယ် နှင့် တပ်စ်မေးနီးယားပြည်နယ်မှလွဲ၍ ကျန်ပြည်နယ် နှင့် ဒေသများအားလုံးတွင် ယောကျ်ားလေး၊ မိန်းကလေး နှစ်ဦးလုံးအတွက် 16 နှစ် ဖြစ်ပါသည်။ ကွင်းစလန်ပြည်နယ်၌ လိင်တူချင်း ကာမဆက်ဆံနိုင်သည့် သဘောတူညီမှု ပေးနိုင်ခွင့် အသက်အရွယ်မှာ ပိုကြီးပါသည်။ သဘောတူညီမှု ပေးနိုင်ခွင့် အသက်အရွယ်အောက်ရှိသူတစ်ဦးနှင့် ကာမဆက်ဆံမှု တစ်မျိုးမျိုးလုပ်လျှင်၊ ပြင်းထန်လေးနက်သော ပြစ်မှုများသင့်ပါမည်။







## ဆေးရွက်ကြီး၊ အရက် နှင့် ဥပဒေ

လေဆိပ်များ၊ အစိုးရရုံးများ နှင့် အလုပ်ခွင်များအားလုံးအပါအဝင်၊ ဩစတြေးလျား၏ လူအများနှင့်သက်ဆိုင်ရာ နေရာအများအပြားတွင် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်ထားပါသည်။ ပြည်နယ် နှင့် ဒေသအများစု၌ စားသောက်ဆိုင်များ၊ အရက်ဆိုင်များ၊ ကလပ် အသင်းတိုက်များ နှင့် ဈေးရုံကြီးများတွင်လည်း ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်ထားပါသည်။ ပြည်နယ်အများအပြားတွင် အသက် 18 နှစ် အောက်အရွယ်ရှိ ကလေးများပါသော ယာဉ်များအတွင်း၌လည်း ဆေးလိပ်သောက်လျှင် တရားမဝင်ပါ။ ဆေးလိပ် မသောက်ရသော နေရာများကို အမြဲတမ်းမဟုတ်သော်လည်း အများအားဖြင့် အမှတ်အသားပြထားလေ့ရှိပါသည်။

မည်သူမဆို အသက်အရွယ်မပြည့်သေးသူ (တနည်း၊ အသက် 18 နှစ် အောက်ရှိသူ) တစ်ဦးအား ဆေးရွက်ကြီးဆိုင်ရာ ကုန်ပစ္စည်းများရောင်းချခြင်းမှာ တရားမဝင်ပါ။ ပြည်နယ်များ နှင့် ဒေသများ အများစုတွင် အသက်အရွယ်မပြည့်သေးသူတစ်ဦးအား ဆေးရွက်ကြီးပေးခြင်းကိုလည်း တားမြစ်ထားပါသည်။

ဩစတြေးလျား၌ အရက်သောက်ခြင်းမှာ တရားဝင်သော်လည်း အချို့နေရာများ နှင့် အချို့အချိန်များအတွက်သာဖြစ်ပါသည်။ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၏ အများစုတွင် အရက်သောက်ခြင်း နှင့် ရောင်းခြင်းတို့ကို ပိတ်ပင်ထားပါသည်။ မည်သူမဆို အသက်အရွယ်မပြည့်သေးသူ (အသက် 18 နှစ် အောက်ရှိသူ) တစ်ဦးအား အရက်ရောင်းခြင်း သို့မဟုတ် ပေးခြင်းမှာ တရားမဝင်ပါ။ အသက်အရွယ်မပြည့်သေးသူတစ်ဦးသည် ကိုယ်ပိုင်အိမ်ကဲ့သို့ အိမ်ရာအဆောက်အအုံတစ်ခု၌ အရက်သောက်ခြင်းမှလွဲ၍ ကျန်နေရာများ၌ အရက်သောက်ခြင်းသည်လည်း တရားမဝင်ပါ။ အသက်အရွယ်မပြည့်သေးသူများ အိမ်၌ အရက်သောက်ရန် တရားဝင်သော်လည်း၊ သူတို့၏ ဘေးကင်းလုံခြုံရေး နှင့် ကျန်းမာရေးအတွက် လူမှုရေးအရ လက်မခံနိုင်စရာဖြစ်သည်ဟု ယေဘုယျအားဖြင့် ထင်မြင်ယူဆကြပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက်

- www.quitnow.gov.au
- www.alcohol.gov.au ၌ ကြည့်ပါ။

## မူးယစ်ဆေးများ နှင့် ဥပဒေ

ကျွန်ုပ်တို့သည် အချို့ဆေးဝါးများမှာ တရားဝင်ပြီး အချို့တို့မှာ တရားမဝင်ဟု ထင်မြင်ယူဆကြသော်လည်း၊ ဆေးဝါးအမြောက်အမြားသည် ၎င်းနှစ်ခုအကြား အခြေအနေတစ်ခုခု၌ ရှိနေပါသည်။ အချို့ပစ္စည်းများမှာ တရားဝင်သော်လည်း ၎င်းတို့အား အသုံးပြုရန် နှင့် ရောင်းချရန် ဥပဒေကန့်သတ်ချက်များရှိပါသည်။ အခြားပစ္စည်းများကိုမူ သုံးစွဲရန်၊ ပိုင်ဆိုင်ရန် နှင့် ရောင်းချရန် တရားမဝင်ပါ။ မူးယစ်ဆေးများအား ဩစတြေးလျားသို့ တင်သွင်းခြင်း သို့မဟုတ် ယူဆောင်လာခြင်းသည် လေးနက်ပြင်းထန်သော ပြစ်မှုဖြစ်ပြီး၊ အကျဉ်းကျခြင်းအပါအဝင် ပြစ်မှုများ သင့်နိုင်ပါသည်။ အခြားသော ပြစ်မှုများတွင် ပါဝင်ကြသည်တို့မှာ တရားမဝင် မူးယစ်ဆေးများအား လက်ဝယ်ထားခြင်း၊ စိုက်ပျိုးခြင်း၊ ဆွတ်ခူးရိတ်သိမ်းခြင်း၊ ရောင်းခြင်း သို့မဟုတ် အသုံးပြုခြင်းတို့ဖြစ်ပါသည်။ မူးယစ်ဆေး သောက်သုံးထားစဉ် ယာဉ်မောင်းခြင်းကို တားမြစ်ထားသည့် ဥပဒေများလည်းရှိသည့်အပြင်၊ ကြုံရာ စစ်ဆေးရေးစခန်းများအား စီမံကွပ်ကဲသော ရဲက စစ်ဆေးရန်အတွက် သင့်တံတွေး နမူနာကို တောင်းခံရန် သင ယာဉ်မောင်းနှင်နေခိုက် သင့်အား ရပ်ခိုင်းနိုင်ပါသည်။ ဥပဒေများ နှင့် ပြစ်ဒဏ်များသည် ပြည်နယ် နှင့် ဒေသ တစ်ခုချင်းအကြား ကွာခြားမှုများရှိပါသည်။ ဆရာဝန်ဆေးညွှန်းအရ ဆေးဝါးများကို သောက်သုံးပြီးနောက် ယာဉ်မောင်းရာ၌လည်း သတိထားသင့်ပါသည်။
နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.drugs.health.gov.au ၌ ကြည့်ပါ။

## လိမ်လည်မှု နှင့် ဥပဒေ

ဝန်ဆောင်မှုရသူများသည် မိမိတို့ မိသားစု၏အခြေအနေ နှင့် ဝင်ငွေကို လူသားဝန်ဆောင်မှုများဌာန နှင့် ဩစတြေးလျားနိုင်ငံတော် အခွန်ရုံး ကဲ့သို့သော အစိုးရဌာနများအား မှန်ကန်သော အချက်အလက်များကို အမြဲတင်ပြရပါမည်။ အစိုးရဌာနများအား လှည့်စားထားသော အချက်အလက်များကို တင်ပြခြင်းအတွက်  ဝင်ငွေ အထောက်အပံ့ ပေးငွေများ ဆုံးရှုံးခြင်း နှင့် အစိုးရအား ငွေပြန်အမ်းရခြင်းတို့အပါအဝင် ပြစ်ဒဏ်ကြေးများ ဆောင်ရပါသည်။

## ကိုယ်ရေးကိုယ်တာဆိုင်ရာ လွတ်လပ်မှု နှင့် ဥပဒေ

ဩစတြေးလျား၌ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ကိုယ်ရေးကိုယ်တာဆိုင်ရာ လွတ်လပ်မှုကို ကာကွယ်ပေးသော ဥပဒေများရှိပါသည်။ အစိုးရဌာနများအားလုံးသည် သင်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များအား မည်ကဲ့သို့ ထိန်းသိမ်းထားရမည်၊ အသုံးပြုရမည် နှင့် စုဆောင်းရမည်တို့ကို သတ်မှတ်ပြဋ္ဌာန်းထားသော *"၁၉၈၈ ခုနှစ် ကိုယ်ရေးကိုယ်တာလွတ်လပ်မှုဆိုင်ရာ အက်ဥပဒေ"* *(Privacy Act 1988)* အား လိုက်နာကြရပါမည်။ အစိုးရ-မဟုတ်သော အဖွဲ့အစည်းများ အများစု၌၊ လူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များအား မည်ကဲ့သို့ အသုံးပြုဖွယ်ရှိမည်ကို ဖော်ပြထားသည့် ကိုယ်ရေးကိုယ်တာ လွတ်လပ်မှု ဆိုင်ရာ ထုတ်ပြန်ချက်များရှိပါသည်။ အကယ်၍သင်သည် သင်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များအား အသုံးပြုခဲ့ပုံအပေါ် စိတ်ကသိကအောက်ဖြစ်နေလျှင်၊ သင်သည်  "ကိုယ်ရေးကိုယ်တာ လွတ်လပ်မှုဆိုင်ရာ ဖက်ဒရယ်ကော်မရှင်ရုံး" (Office of the Federal Privacy Commissioner) ကို ဆက်သွယ်ပါ။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.oaic.gov.au ၌ ကြည့်ပြီး "ဩစတြေးလျား ကိုယ်ရေးကိုယ်တာ လွတ်လပ်မှုဆိုင်ရာ အခြေခံသဘောတရားများ" (Australian Privacy Principles) ကို ရှာပါ။

## တရားဥပဒေပိုင်းဆိုင်ရာ ကူညီရေး ဝန်ဆောင်မှု အဖွဲ့အစည်း (Legal Aid)

တရားဥပဒေပိုင်းဆိုင်ရာ ကူညီရေး ဝန်ဆောင်မှု အဖွဲ့အစည်းသည် ဩစတြေးလျား ပြည်နယ် နှင့် ဒေသတစ်ခုချင်း၌ ရုံးဖွင့်ထားသော အစိုးရထောက်ပံ့ကြေးနှင့် မ,တည်ထားသည့် တရားဥပဒေပိုင်းဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၎င်းသည် ပုဂ္ဂလိက ရှေ့နေ ငှားရမ်းရန် မတတ်နိုင်ကြသူများအား တရားဥပဒေပိုင်းအရ ရှေ့ဆောင် ကိုယ်စားပြုပေးခြင်း၊ တရားဥပဒေပိုင်းအရ အခမဲ့ အကြံဉာဏ်ပေးခြင်း နှင့် ကူညီခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ပေးပါသည်။ အကယ်၍သင့်ထံ၌ တရားဥပဒေပိုင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများရှိပါက၊ သင်နှင့် အနီးဆုံးသော "တရားဥပဒေပိုင်းဆိုင်ရာ ကူညီရေး ဝန်ဆောင်မှု အဖွဲ့အစည်းဌာန" (Legal Aid Centre) ကို ဆက်သွယ်နိုင်ရာ အသေးစိတ်အချက်အလက်များအတွက် သင်၏ အမှုတွဲလုပ်သားနှင့် ဆွေးနွေးပါ။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.australia.gov.au/content/legal-aid ၌ ကြည့်ပါ။

*ပြန်လည်ပြင်ဆင် ထုတ်ဝေချက် (ဧပြီလ ၂၀၁၈ ခုနှစ်)*


Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM